# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်
# (၂၀၂၂) ခုနှစ်

## နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်

၁။ ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေပါမည်။

၂။ ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။

၃။ ကျွန်ုပ်တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။

၄။ ကျွန်ုပ်တို့သည် အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။

၅။ ကျွန်ုပ်တို့သည် နိုင်ငံ့ဝန်ထမ်းများပီသစွာဖြင့် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းအောင် နေထိုင်ပါမည်။

၆။ ကျွန်ုပ်တို့သည် နိုင်ငံတော်ကပေးအပ်သော အမိန့်နှင့် တာဝန်များကို ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်သွားပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုပါသည်။

## နိုင်ငံ့ဝန်ထမ်းများ ထမ်းဆောင်ရမည့်တာဝန် (၃) ရပ်

၁။ ဝန်ထမ်းသည် နိုင်ငံတော်၏ အကျိုးအတွက် အချိန်ပြည့် အလုပ်လုပ်ရန် တာဝန်ရှိသည်။

၂။ မူလတာဝန်သာမက နိုင်ငံတော်ကပေးအပ်လာသောအခြားတာဝန်များကိုလည်း ထမ်းဆောင်ရန် တာဝန်ရှိသည်။

၃။ ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက် စသည်များကိုလည်း လိုက်နာရန်တာဝန်ရှိသည်။

**နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် (၃၀) ပါး**

**ဝန်ထမ်းတစ်ဦးချင်းလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် (၁၂) ပါး**

၁။ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပါ။

၂။ ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ပါ။

၃။ ယုံကြည်စွာအပ်နှံထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးခြင်းမှ ရှောင်ကြဉ်ပါ။

၄။ အဂတိလိုက်စားခြင်းနှင့် လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

၅။ မိမိကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းဥစ္စာ၊ ဘဏ္ဍာငွေပျက်စီးဆုံးရှုံးခြင်းနှင့် အလွဲသုံးစား ပြုခြင်းတို့ မဖြစ်စေရန် အလေးထားဆောင်ရွက်ပါ။

၆။ ရာထူးနှင့်လျော်ညီသော အရည်အသွေး ပြည့်ဝနေစေရန် ကြိုးစားအားထုတ်ပါ။ ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများ တက်ရောက်ပါ။

၇။ တာဝန်ထမ်းဆောင်ရာတွင် ရိုးသားဖြောင့်မတ်ပါ။

၈။ အလုပ်ခွင်တွင် မူးယစ်ဆေးသုံးစွဲခြင်း၊ အရက်သောက်ခြင်း၊ လောင်းကစားခြင်းတို့ကို ရှောင်ကြဉ်ပါ။

၉။ အလုပ်ခွင်တွင် ခိုက်ရန်ဖြစ်ပွားခြင်းမှ ရှောင်ကြဉ်ပါ။

၁၀။ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူပြောဆိုနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

၁၁။ ဥပဒေနှင့်အညီ ပေးအပ်လာသည့် အမိန့်နှင့် တာဝန်ကို ကြည်ဖြူစွာထမ်းဆောင်ပါ။

၁၂။ ဝန်ထမ်းပီသစွာဖြင့် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းစွာနေထိုင်ပါ။

**ဝန်ထမ်းအချင်းချင်းအပေါ် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် (၅)ပါး**

၁။ ဝန်ထမ်းအချင်းချင်း သစ္စာစောင့်သိပါ။

၂။ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ပါ။

၃။ ဝန်ထမ်းအချင်းချင်း တိုင်ကြားသက်သေခံရာတွင် အမှန်အတိုင်း ထွက်ဆိုပါ။

၄။ ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် စောင့်ထိန်းရန် သတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာပါ။

၅။ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင် ပျော်ရွှင်ရေးတို့တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပါ။

**ပြည်သူလူထုအပေါ် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် (၅)ပါး**

၁။ ပြည်သူလူထုအပေါ် သစ္စာစောင့်သိရိုသေပါ။

၂။ ပြည်သူလူထုကို လေးစားစွာ ဝန်ဆောင်မှုပေးပါ။

၃။ ပြည်သူလူထု၏ အကျိုးစီးပွားကို အလေးထားစောင့်ရှောက်ပါ။

၄။ ပြည်သူလူထုကို ယဉ်ကျေးစွာပြုမူဆက်ဆံပါ။

၅။ တာဝန်အရ ဆောင်ရွက်ရာတွင် ပြည်သူလူထုထံမှ ငွေကြေးအပါအဝင် အကျိုးခံစားခွင့် တစ်ခုခုကို တောင်းခံခြင်းမပြုဘဲ ဆောင်ရွက်ပေးပါ။

**နိုင်ငံတော်အပေါ် လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ် (၈) ပါး**

၁။ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါ။

၂။ ဒို့တာဝန်အရေးသုံးပါးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါ။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာပါ။

၄။ နိုင်ငံတော်၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ပါ။

၅။ နိုင်ငံပိုင်တော်ပစ္စည်းဥစ္စာ၊ ဘဏ္ဍာငွေများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ပါ။

၆။ နိုင်ငံတော်အစိုးရ လျှို့ဝှက်ချက်အက်ဥပဒေကို လိုက်နာပါ။

၇။ နိုင်ငံတော်အပေါ် အကြည်ညိုပျက်စေမည့် လုပ်ရပ်များကို ရှောင်ကြဉ်ပါ။

၈။ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းစောင့်ရှောက်ပါ။